**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ပြည်ထောင်စုဝန်ကြီးရုံး**

**ရုံးအမိန့်စာအမှတ် ၇၀ /၂၀၂၃**

**၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်**

**( ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၄ ရက် )**

# သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် အကောင်အထည် ဖော်ဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့ (Task Force) ဖွဲ့စည်းခြင်း

၁။ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် "သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် (Warehouse Receipt Financing System - WRFS)" အလုပ်ရုံဆွေးနွေးပွဲ ဖော်ထုတ်ချက်များအား အကောင်အထည်ဖော်နိုင်ရေး ကြီးကြပ်ဆောင်ရွက်နိုင်ရန် "သိုလှောင်ရုံကုန်အပ်လက်မှတ်ကိုအခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့"ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယဝန်ကြီး — အဖွဲ့ခေါင်းဆောင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သမဝါယမဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဇ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

(ဈ) အုပ်ချုပ်မှုဒါရိုက်တာ အဖွဲ့ဝင်
မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်း လီမိတက်(MITS)

(ည) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း

(ဋ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း

(ဌ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း

(ဍ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံလူငယ်ဆန်စပါးလုပ်ငန်းရှင်များအသင်း

(ဎ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံဘဏ်များအသင်း

(ဏ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံအာမခံအသင်း

(တ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း

(ထ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၂။ “သိုလှောင်ရုံကုန်အပ်လက်မှတ်ကိုအခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့”၏ လုပ်ငန်းတာဝန်များမှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည်-

(က) "သိုလှောင်ရုံကုန်အပ်လက်မှတ်ကိုအခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် (Warehouse Receipt Financing System - WRFS)" အလုပ်ရုံဆွေးနွေးပွဲ၏ ဖော်ထုတ်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ခ) သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး သီးခြားရန်ပုံငွေတစ်ရပ်ထူထောင်ခွင့်ပြုနိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဂ) သိုလှောင်ရုံကုန်အပ်လက်မှတ်ဖြင့် ငွေကြေးထောက်ပံ့ခြင်း ဝန်ဆောင်မှု စတင်လုပ်ဆောင်နိုင်ရန်အတွက် စံလုပ်ထုံးလုပ်နည်းများ (SOPs) သို့မဟုတ် စည်းမျဉ်းစည်းကမ်းများ(Rules) ထုတ်ပြန်ပေးနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဃ) သိုလှောင်ရုံတည်ဆောက်ရင်းနှီးမြှုပ်နှံလိုသည့် ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များကို အားပေးကူညီရန်၊

(င) WRFS အား ထိရောက်အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ဆန်စပါးစိုက်ပျိုးမှုများပြားသည့်ဒေသများ၌ အစပျိုးစမ်းသပ်ကာလ (Pilot Project) အဖြစ် စတင်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန်။

၃။ အထက်အပိုဒ် (၁) ပါ "သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့" သည် သတ်မှတ်ပေးထားသောဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအား အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်သည်။

(ပုံ)

အောင်နိုင်ဦး
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စက-၄၄/ ၂-၄/ (၃)/ ၂၀၂၃(၁၇၄၇ )
ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်

**ဖြန့်ဝေခြင်း**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ဦးစီးရုံး၊ ပြည်ထောင်စုဝန်ကြီးရုံး (                                        )
ပြည်ထောင်စုဝန်ကြီးရုံး၊ ဌာနခွဲအားလုံး (                                   )
သက်ဆိုင်သူများ

အမိန့်အရ

မင်းမင်း
အမြဲတမ်းအတွင်းဝန်